# Highlights from DVB Debate's Yangon City Development Committee's Elections Show

## "What do candidates promise for you?"

## Dec 20,2014

"မြို့တော်ဝန်၊ နောက် အတွင်းရေးမှူးတွေကို သမ္မတက တိုက်ရိုက်ခန့်တာဆိုတော့ လူထုရွေးကောက်ခံ ကိုယ်စားလှယ် ၄ ယောက် ဘယ်လောက်စွမ်းဆောင်နိုင်မလဲ သံသယဖြစ်မိတယ်။ လက်ရှိ ဖွဲ့စည်းပုံကိုက ခန့်အပ်တဲ့လူတွေများပြီး ရွေးချယ်ခံနည်းတဲ့ သဘောတရားတွေရှိတယ်။ အခု စည်ပင်ဥပဒေအရ သမ္မတ ညွှန်ကြားချက် အကောင်အထည်ဖော်မယ့်သူကပဲ မြို့တော်ဝန်ဖြစ်နေတာဆိုတော့ ဒါကလဲ ပြဿနာတခု။"

ဦးကျော်လင်းဦး - စည်ပင်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ

---

"ရန်ကုန်မြို့ လူဦးရေ ၅ သန်းကျော်မှာ ဆန္ဒမဲပေးခွင့်ရှိတာက ၄ သိန်းကျော်၊ စည်ပင်ရွေးကောက်ပွဲ မဲပေးမယ့်သူဟာ သတ်မှတ်ချက်အရဆို ၁.၈၅% ပြည့်မီရမှာ အခုက ၁% တောင် မရောက်ဘူး။ ပြည်သူ့ဗဟိုပြုမယ့် ရွေးကောက်ပွဲဖြစ်ပါ့မလား စဉ်းစားစရာဖြစ်နေတယ်။ ပြည်သူတွေရွေးချယ်မယ့် ကိုယ်စားလှယ်လောင်း ၄ ဦး ဘယ်လောက်အရည်အချင်းရှိရှိ လုပ်နိုင်မလဲဆိုတာလဲ စောင့်ကြည့်ရမယ့်။"

ဦးဂင်းထိန် - ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

---

"ကျနော်တို့မီခဲ့တဲ့ ၁၉၅၆ ခုနှစ်တွေတုန်းကဆို မြို့တော်ဝန်ဟာ ရန်ကုန်ရဲ့သမ္မတလိုပဲ။ ရန်ကုန်မြူနီစီပယ်ရွေးကောက်ပွဲကော်မတီကရလာတဲ့ ကိုယ်စားလှယ်တွေက မြို့တော်ဝန်ကို ရွေးချယ်ကြတာ။ အစိုးရကနေ တိုက်ရိုက်ခန့်အပ်တာ နည်းတယ်၊ လူထုရွေးချယ်တဲ့ ကိုယ်စားလှယ်များတယ်။ အရင်ခေတ်က မြို့တော်ဝန်တွေဟာ ရန်ကုန်မြို့နဲ့ပတ်သက်ရင် သူ့မှာလုပ်ပိုင်ခွင့်ရှိတယ်၊ လွှတ်တော်ကလွဲပြီး တခြားသူ လွှမ်းမိုးလို့မရဘူး။ အခုခေတ်မြို့တော်ဝန်ကတော့ ခိုင်းတာလုပ်ရတာလေ။"

ဖိုးသောကြာ(ခေတ်မိုး) - မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဒု ဥက္ကဋ္ဌ

---

"အမျိုးသမီးတယောက်အနေနဲ့ရော လူငယ်တွေအတွက်ပါ ကိုယ်စားပြုပြောချင်တာက ဒီစည်ပင်ရွေးကောက်ပွဲမှာ တအိမ်ထောင်မဲတပြားစနစ်ကြောင့်ပဲ လူငယ်ထုနဲ့ အမျိုးသမီးတွေ

ပါဂင်ခွင့်လုံးဂမရဘူးလို့ သုံးသပ်ချင်တယ်။ မဲပေးနိုင်တဲ့သူတွေ မဲစာရင်းတွေလည်း တော်တော်များများကျန်နေတယ်။”

ဒေါ်မြနန္ဒာသင်း - နယူးမြန်မာဖောင်ဒေးရှင်းအဖွဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အတိုင်ပင်ခံ

---

“စည်ပင်သာယာရေးကော်မတီဖွဲ့စည်းပုံမှာကိုက ပြည်သူဗဟိုပြုလုပ်ပေးမယ့် ကိုယ်စားလှယ် အားနည်းနေတယ်။ ပြည်သူလက်ခံမယ့်၊ ပြည်သူရွေးချယ်တဲ့ ကိုယ်စားလှယ်တွေဖြစ်မှ ပြဿနာတွေဖြေရှင်းလို့ရမှာ။”

ဦးမြင့်မိုရ်ဆွေ - စာရေးဆရာ

---

“စည်ပင်ရွေးကောက်ပွဲနည်းဥပဒေတွေ ပြည်သူကို ကျယ်ကျယ်ပြန့်ပြန့်ချမပြဘူး။ ဒီရွေးကောက်ပွဲဖြစ်လာတာကလည်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အမတ် ဒေါက်တာ ညိုညိုသင်းကြိုးစားမှုကြောင့်..အစိုးရက ဒီရွေးကောက်ပွဲကို စိတ်မဂင်စားဘူး၊ ပြည်သူကိုလည်း လှုံ့ဆော်တာတွေ မလုပ်ဘူး။ နောက် နိုင်ငံရေးပါတီကင်းရှင်းရမယ် ဆိုတဲ့ ကန့်သတ်ချက်က နည်းလမ်းမကျဘူး။ စည်ပင်ရွေးကောက်ပွဲတွေဟာ နိုင်ငံရေးပါကိုပါရတယ်. ဒါဟာ ဒီမိုကရေစီအားစမ်းပွဲတွေလေ။”

ဦးနေဂင်းစံ - စာရေးဆရာ

---